UNHCR
The UN Refugee Agency

**THAILAND**

11 – 25 July 2016

# MEDIA MONITORING REPORT # 152

## ငြိမ်းချမ်းရေးနှင့်ပြန်လည်ရင်ကြားစေ့ရေး

### NCA လက်မှတ်မထိုးသည့်အဖွဲ့များအား ပင်လုံညီလာခံတွင် ပါဝင်ခွင့်ပြုခြင်းသည် သိသာထင်ရှားစွာအရေးပါသည့် လက္ခဏာတစ်ရပ်ဖြစ်ကြောင်း နိုင်ဟောင်ဆာကပြောကြား

Mizzima, 11 July 2016

တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)အား လက်မှတ်မရေးထိုးခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည်လည်း ပင်လုံညီလာခံတွင် လွတ်လပ်စွာ ပူးပေါင်းပါဝင်ခွင့်ရှိသည် ဟူသော နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ပြဋ္ဌာန်းလိုက်သည့်မူဝါဒသည် သိသာထင်ရှားစွာအရေးပါသည့် လက္ခဏာတစ်ရပ်ဖြစ်သည်။ ထိုသို့အရေးပါသည့်ရွှေ့လျားမှုကို ကြိုဆိုလိုက်ကြောင်း ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC)မှ ဒုဥက္ကဌဖြစ်သူနိုင်ဟောင်ဆာက ပြောကြားလိုက်သည်။




"တိုင်းရင်းသားအဖွဲ့တွေအတွက် ဒါဟာအလွန်ကိုပဲဝမ်းသာစရာကောင်းတဲ့သတင်းပါ။ ဘာကြောင့်လဲဆိုတော့ တိုင်းရင်းသားအဖွဲ့တိုင်းက ၂၁ရာစုပင်လုံညီလာခံမှာ ကိုယ်စားလှယ်အနေနဲ့ အားလုံးတက်ရောက်ချင်ကြတယ်။ အားလုံးပါဝင်နိုင်မှသာ တနိုင်ငံလုံးငြိမ်းချမ်းရေး အောင်အောင်မြင်မြင်နဲ့ရမှာပါ" ဟု မွန်ပြည်သစ်ပါတီ(NMSP)၏ ဒုဥက္ကဌလည်းဖြစ်သူ နိုင်ဟောင်ဆာမှ မွန်သတင်းအေဂျင်စီနှင့် မေးမြန်းခန်းတွင် ပြောခဲ့ခြင်းဖြစ်သည်။

ဇူလိုင်လ(၅)ရက်နေ့၌ နေပြည်တော်ရှိ ဟော်ရီဇုန်ဟိုတယ်တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအကြိုပြင်ဆင်ရေးကော်မတီသည် အစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံတော်အတိုင်ပင်ခံမှ NCA လက်မှတ်ရေးထိုးသည့်အဖွဲ့နှင့်လက်မှတ်မရေးထိုးသည့်အဖွဲ့အပါအဝင် တိုင်းရင်းသားအဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးညီလာခံကိုတက်ရောက်နိုင်သည့်မူဝါဒ ပြဋ္ဌာန်းခဲ့သည်။

ထို့ပြင်၂၀၁၅ခုနှစ် ရွေးကောက်ပွဲတွင်အနိုင်မရရှိခဲ့သည့် နိုင်ငံရေးပါတီများနှင့် အရပ်ဖက်အဖွဲ့အစည်းများကိုလည်း ဩဂုတ်လတွင်ကျင်းပပြုလုပ်မည့် ပင်လုံညီလာခံအား တက်ရောက်ပါဝင်နိုင်ကြရန် ခွင့်ပြုပေးခဲ့သည်။

**Link:** http://www.mizzima.com/news-domestic/permitting-non-nca-signatories-union-peace-conference-significant-sign-says-nai

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ညီလာခံရက်သတ်မှတ်

Burma News International, 11 July 2016

တိုင်းရင်းသားခေါင်းဆောင်များသည် တိုင်းရင်းသားညီလာခံအား ကချင်လွတ်မြောက်ရေးအစည်းအရုံး ထိန်းချုပ်ရာဒေသဖြစ်သည့် ဒုတိယအကြီးဆုံးမြို့တော်ဖြစ်သော မိုင်ဂျာယန်တွင် တိုင်းရင်းသားလက်နက်ကိုင်ညီလာခံကျင်းပမည်ဖြစ်ကြောင်း အတည်ပြုပြောဆိုလိုက်သည်။ ညီလာခံအား ဇူလိုင်လ(၂၈)ရက်နေ့တွင် ကျင်းပမည်ဖြစ်ပြီး ဩဂုတ်လနှောင်းပိုင်းတွင် ကျင်းပရန်မျှော်မှန်းထားသည့် ၂၁ရာစုပင်လုံညီလာခံအတွက် ကြိုတင်ပြင်ဆင်နိုင်ရန်ဖြစ်သည်။




ကရင်အမျိုးသားအစည်းအရုံး(KNU)အတွင်းရေးမှူးဖြစ်သူ ပဒိုစောကွယ်ထူးဝင်းမှ သတင်းထောက်များအား “မိုင်ဂျာယန်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ညီလာခံလာခံ ကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်(၂)ချက်ရှိပါတယ်။ ၂၁ရာစုပင်လုံညီလာခံကို ကြိုတင်ပြင်ဆင်ဖို့အတွက်နဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်တဲ့အခါမှာ တိုင်းရင်းသားအားလုံးရဲ့ အများသဘောထားရပ်တည်ချက်တွေကို ရရှိဖို့အတွက်ပဲဖြစ်ပါတယ်” ဟုပြောခဲ့သည်။

“ညီလာခံကြိုတင်ပြင်ဆင်ဖို့အတွက် ကျွန်တော်တို့ကော်မတီ(၂)နှစ်ရပ် ဖွဲ့စည်းလိုက်ပါတယ်။ အဖွဲ့ဝင်ရှစ်ဦးပါဝင်တဲ့ ကြိုတင်ပြင်ဆင်ရေးကော်မတီနဲ့ အဖွဲ့ဝင်ဆယ်ဦးပါဝင်တဲ့ ညီလာခံဖြစ်မြောက်ရေးကော်မတီ ဆိုပြီး ကော်မတီနှစ်ရပ်ဖွဲ့စည်းလိုက်ပါတယ်။ ဒီကော်မတီနှစ်ခုနဲ့ ညီလာခံကျင်းပဖို့ ကျွန်တော်တို့ဆုံးဖြတ်ခဲ့ပါတယ်”ဟုကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ ခွန်ဦးရယ်ကပြောပြခဲ့သည်။

**Link:** http://www.bnionline.net/news/network-media-group/item/1961-date-set-for-ethnic-summit.html

## အစိုးရမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်လုပ်ဆောင်၊ အသစ်ပြန်လည်ဖွဲ့စည်းလိုက်သည့် ငြိမ်းချမ်းရေးစင်တာကို ဦးဆောင်မှုပြုရန် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်အား ခန့်အပ်

Myanmar Times, 13 July 2016

အစိုးရသစ်၏ငြိမ်းချမ်းရေးအစီအစဉ်သစ်များတွင် အဖွဲ့ဝင်ဆယ်ဦးပါဝင်သော ငြိမ်းချမ်းရေးဗဟိုစင်တာတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဥက္ကဋ္ဌဖြစ်လာမည်ဖြစ်သည်၊ ငြိမ်းချမ်းရေးစင်တာသည် မူဝါဒများရေးဆွဲမည်ဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးတင်မျိုးဝင်းသည် အသစ်ဖွဲ့စည်းလိုက်သည့်ငြိမ်းချမ်းရေးကော်မရှင်ကို ဦးဆောင်နေပြီး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည် ဟုအစိုးရငြိမ်းချမ်းရေးအသင်းအဖွဲ့ဝင် ဦးလှမောင်ရွှေက ပြောကြားခဲ့သည်။ သမ္မတဦးထင်ကျော်၏ အပြောင်းအလဲများနှင့်ပတ်သတ်၍ကြေငြာချက်ကို ပြည်တွင်းမီဒီယာများ၌ ယမန်နေ့ကဖော်ပြခဲ့ကြသည်။

ပြည်ထောင်စုညီနောင်သားချင်းများဖက်ဒရယ်ကောင်စီ(UNFC)၏ တောင်းဆိုမှုအရ ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန်မြို့၌ ဇူလိုင်လ(၁၇)ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံမည်ဖြစ်ပြီးအစည်းအဝေးတွင် ငြိမ်းချမ်းရေးစင်တာအသစ်၏အကြီးအကဲတစ်ဦးအဖြစ် ပထမဦးဆုံးအကြိမ် အစည်းအဝေးပြုလုပ်မည်ဖြစ်သည်ဟု အစိုးရငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးသူက ပြောခဲ့သည်။

အစည်းအဝေးတွင် NCA လက်မှတ်မရေးထိုးခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၉)ဖွဲ့မှ UNFC ခေါင်းဆောင်

များသည် ၂၁ရာစုပင်လုံညီလာခံအတွက် ဆွေးနွေးရန်အဆိုပြုမည်ဖြစ်သည်ဟု ဦးလှမောင်ရွှေကပြောကြားခဲ့သည်။

**Link:** http://www.mmtimes.com/index.php/national-news/nay-pyi-taw/21345-govt-speeds-up-peace-process-planning-appoints-state-counsellor-to-head-rebranded-peace-centre.html

### ဒေါ်အောင်ဆန်းစုကြည်မှ အပစ်ရပ်စာချုပ် လက်မှတ်မရေးထိုးသည့် လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

The Global New Light of Myanmar, 18 July 2016

ယမန်နေ့၌ ရန်ကုန်မြို့ရှိ အမျိုးသားရင်ကြားစေ့ရေးနှင့်ငြိမ်းချမ်းရေးစင်တာတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီဥက္ကဌ ဦးအန်ဘန်လဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည်တိုင်းပြည်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သတ်၍တွေ့ဆုံဆွေးနွေးခဲ့သည်။



အစိုးရသစ်နှင့် အပစ်ရပ်စာချုပ် လက်မှတ်မရေးထိုးသည့် လက်နက်ကိုင်အဖွဲ့များအတွင်း ပထမဦးဆုံးအကြိမ်ကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲ၌ လာမည့် ၂၁ရာစု ပင်လုံညီလာခံတွင် အားလုံးပါဝင်နိုင်ရေးသေချာမှုရှိစေရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် များနှင့်ပတ်သတ်၍ နှစ်ဖက်စလုံးမှ ညှိနှိုင်းဆွေးနွေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် နှစ်ဦးနှစ်ဖက်ယုံကြည်မှု တည်ဆောက်နိုင်ခဲ့သည်ဟုပင်လုံညီလာခံအကြိုပြင်ဆင်ရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ဦးလှမောင်ရွှေကပြောခဲ့သည်၊ အစည်းအဝေးသည် မိသားစုဆန်သည့်ဆွေးနွေးမှု ပုံစံမျိုးဖြစ်ကြောင်း ထပ်ပေါင်းပြောပြခဲ့သည်။

အစည်းအဝေးအတွင်း UNFC မှ လာမည့်ပင်လုံညီလာခံတွင် ၎င်းတို့ပါဝင်မှုများနှင့်ပတ်သတ်၍ မရှင်းလင်းသည့်ကိစ္စရပ်များအပေါ် မေးခွန်းများ မေးမြန်းခဲ့ပြီး နိုင်ငံတော်အတိုင်ပင်ခံနှင့်အတူ ၎င်းတို့အမြင်ချင်းဖလှယ်ခဲ့ကြသည်ဟု ထပ်ပေါင်းပြောကြားခဲ့သည်။

**Link:** https://issuu.com/myanmarnewspaper/docs/18_july_16_gnlm

## စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု

### စာသင်ကျောင်းပြင်ပ ပညာရေးအစီအစဉ် တိုးချဲ့ဆောင်ရွက်မည်

Myanmar Times, 11 July 2016



အခမဲ့ပညာသင်ကြားရေးအစီအစဉ်သည် ပြင်ပ ပညာရေးသင်တန်းများမှတဆင့် အသက်(၁၄)နှစ်အောက်ရှိသောကျောင်းသားများကို မူလတန်းပညာရေးရရှိစေရန်နှင့် အသက်(၁၆)နှစ်အောက်ရှိ ကျောင်းသားများကို အလယ်တန်းပညာရေးအဆင့်ပြီးမြောက်စေရန်အတွက် ထောက်ပံ့ပေးမည့် အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်

ပြီးခဲ့သောရက်သတ္တပတ်၌ နေပြည်တော်တွင်ပြုလုပ်သည့်စာကျောင်းပြင်ပပညာရေးအလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုပညာရေးဝန်ကြီးဦးမျိုးသိန်းကြီးက ဤအစီအစဉ်အတွက်ကျပ်ငွေသန်းတစ်ထောင်လျာထားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

စမ်းသပ်စီမံကိန်းအဖြစ် ကျောင်းပြင်ပ အလယ်တန်းပညာရေးကို ယခုနှစ်ပညာသင်နှစ်တွင် ရန်ကုန်ရှိ ဒလမြို့နယ် ၊ ကချင်ပြည်နယ်ရှိ မြစ်ကြီးနားမြို့ ၊ ကယားပြည်နယ်ရှိ လွိုင်ကော်မြို့နှင့် ရခိုင်ပြည်နယ်ရှိ စစ်တွေမြို့တို့တွင် စတင်လုပ်ဆောင်မည်ဖြစ်သည်။ ဝန်ကြီးဌာနမှကွင်းဆင်းလေ့လာချက်အရ ယင်းမြို့နယ်(၄)မြို့နယ်မှကျောင်းသားအယောက်(၂၅၀)သည် ကျောင်းပြင်ပ ပညာရေးစာသင်ခန်းများ၌ ၎င်းတို့၏အလယ်တန်းကျောင်းပညာရေးကို ပြန်လည်တက်ရောက်ရန် အရည်အချင်းပြည့်မီကြသည်။

ထိုသို့လုပ်ဆောင်ရန်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ထိုမြို့နယ်တစ်မြို့နယ်စီလျှင် ကျောင်းဆရာ၊ဆရာမ(၉)ဦးဖြင့် မြို့နယ်လေးခုပေါင်း စုစုပေါင်း(၃၆)ဦးအား ကျောင်းပြင်ပအလယ်တန်းပညာရေးအစီအစဉ်အတွက် ဇွန်လ၌သင်ရိုးသင်တန်းများပေးမည်ဖြစ်သည်ဟု အစီအစဉ်အတွက် စီမံကိန်းမန်နေဂျာဦးထွန်းကြည်ကပြောပြခဲ့သည်။

**Link:** http://www.mmtimes.com/index.php/national-news/nay-pyi-taw/21310-non-formal-education-program-to-expand.html

## ကရင်လူငယ်အမျိုးသားအစည်းအရုံး ဗဟိုကော်မတီသစ် ရွေးချယ်

Karen News, 12 July 2016

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ လေဝါး(လော်ခီးလာ)၌ ဇွန်လ(၂၉)ရက်နေ့တွင်ကျင်းပသည့် ကရင်လူငယ်အစည်းအရုံး၏ (၅)ကြိမ်မြောက်ညီလာခံတွင် ဗဟိုကော်မတီအဖွဲ့ဝင်အသစ်(၁၁)ဦးအား ရွေးချယ်တင်မြှောက်ခဲ့သည်။



အသစ်ရွေးချယ်တင်မြှောက်လိုက်သည့် ဗဟိုကော်မတီဝင်များမှာ ဥက္ကဋ္ဌအဖြစ်စောလားနာ ၊ ဒုတိယဥက္ကဋ္ဌအဖြစ်စောအဲ့စိုး၊ အထွေထွေအတွင်းရေးမှူးအဖြစ် စောလားစဲ့ဝါး ၊ ပူးတွဲအတွင်းရေးမှူး(၁)အဖြစ် စောသူးလေနှင့် ပူးတွဲအတွင်းရေးမှူး(၂)အဖြစ် နော်စဲယ်စဲယ် တို့ဖြစ်သည်။ ၎င်းတို့အားဗဟိုအဆင့် ၊ခရိုင်အဆင့်ကိုယ်စားလှယ်များနှင့် ညီလာခံတက်ရောက်သည့် ဒုက္ခသည်စခန်းမှကိုယ်စားလှယ်များစသည်ဖြင့် ကိုယ်စားလှယ်အယောက်(၉၀)ကျော်မှ မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဥက္ကဋ္ဌအသစ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် စောလားနာမှ ကရင်သတင်းစဉ်သို့အောက်ပါအတိုင်းပြောကြားခဲ့သည်။

"(၅)ကြိမ်မြောက်ညီလာခံမှာ ခေါင်းဆောင်အားလုံးက လူသစ်တွေကို ရွေးချယ်ခဲ့ပါတယ်။ ကော်မတီသစ်မှာ အရင်ကော်မတီကတာဝန်ထမ်းဆောင်ခဲ့တဲ့ ခေါင်းဆောင်တွေမပါဝင်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့အတွက်အစပိုင်းမှာအခက်အခဲအနည်းငယ်ရှိပါလိမ့်မယ်။"

ယခင် KYO ဖွဲ့စည်းပုံအရ ညီလာခံအား လေးနှစ်တစ်ကြိမ်ကျင်းပခဲ့သော်လည်း ပြန်လည်ပြင်ဆင်ချက်အရ ကော်မတီသစ်သည်(၅)နှစ်တစ်ကြိမ်ကျင်းပမည်ဖြစ်သည်။

**Link:** http://karennews.org/2016/07/karen-youth-organization-elects-totally-new-central committee-to-run-it.html/

## ကမ္ဘာ့ဘဏ်၏ကူညီထောက်ပံ့ပေးရေးစီမံကိန်းမှ မြန်မာနိုင်ငံရှိ စာသင်ကျောင်းအားလုံးအား ငွေကြေးကူညီပံ့ပိုးပေးမည်

The Global New Light of Myanmar, 14 July 2016

မြန်မာနိုင်ငံရှိ အခြေခံပညာစာသင်ကျောင်းများနှင့် ဘုန်းကြီးကျောင်းစာသင်ကျောင်းများသည် ကမ္ဘာ့ဘဏ်ငွေကြေးကူညီထောက်ပံ့ပေးရေးစီမံကိန်းမှတဆင့် ငွေကြေးကူညီပံ့ပိုးမှုများ ရရှိမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ယမန်နေ့တွင်ပြောကြားခဲ့သည်။



နိုင်ငံတော်စာသင်ကျောင်းများနှင့် ဘုန်းကြီးကျောင်းစာသင်ကျောင်းများတွင် ကျောင်းသားအရေအတွက်အပေါ်မူတည်၍ထောက်ပံ့ကြေးငွေပမာဏ ကွဲပြားမှုရှိမည်ဖြစ်သည်ဟု ဝန်ကြီးဌာန၏အခြေခံပညာရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးဖြစ်သူ ဦးတိုးဝင်းကပြောခဲ့သည်၊ စာသင်ကျောင်းအားလုံး ထောက်ပံ့ကြေးငွေရရှိမည်ဖြစ်ကြောင်း ထပ်ပေါင်းပြောကြားခဲ့သည်။

စာသင်ကျောင်း ငွေကြေးထောက်ပံ့ ကူညီပေးရေးစီမံကိန်းအောက်၌ ကျောင်းသားအယောက်(၅၀)ရှိသော စာသင်ကျောင်းတစ်ကျောင်းလျှင်ငွေကျပ်(၄)သိန်း၊ ကျောင်းသားအယောက်(၁၀၀)ရှိသော စာသင်ကျောင်း အတွက် ငွေကျပ်(၈)သိန်း၊ ကျောင်းသားအယောက်(၂၀၀)ရှိသောစာသင်ကျောင်းအတွက် ငွေကျပ်(၁၀)သိန်း၊ ကျောင်းသားအယောက်(၃၀၀)ရှိသော စာသင်ကျောင်းအတွက် ငွေကျပ်(၁၂)သိန်း ၊ ကျောင်းသားအယောက်(၄၀၀)ရှိသောစာသင်ကျောင်းအတွက်ငွေကျပ်(၁၄)သိန်း၊ ကျောင်းသားအယောက်(၅၀၀)ရှိသော စာသင်ကျောင်းအတွက်ငွေကျပ်(၁၆)သိန်း၊ ကျောင်းသားအယောက်(၇၀၀)ရှိသော စာသင်ကျောင်းအတွက်ငွေကျပ်(၁၈)သိန်း ၊ ကျောင်းသားအယောက်(၉၀၀)ရှိသော စာသင်ကျောင်းအတွက်ငွေကျပ်(၂၂)သိန်း၊ ကျောင်းသား(၁၁၀၀)ရှိသော စာသင်ကျောင်းအတွက်ငွေကျပ်သိန်း(၂၆)သိန်း၊ ကျောင်းသားအယောက်(၁၅၀၀)ရှိသော စာသင်ကျောင်းအတွက် ငွေကျပ်သိန်း(၃၀)၊ ကျောင်းသားအယောက်(၂၀၀၀)ရှိသော စာသင်ကျောင်းအတွက် ငွေကျပ်သိန်း(၃၄)သိန်းနှင့် ကျောင်းသားအယောက်(၂၅၀၀)ရှိသော စာသင်ကျောင်းအတွက် ငွေကျပ်(၃၈)သိန်း ပံ့ပိုးကူညီပေးမည်ဖြစ်သည်။ ဤစီမံကိန်းသည် လေးနှစ်တာစီမံကိန်းဖြစ်ပြီး ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်တွင် စတင်ခဲ့ခြင်းဖြစ်သည်ဟု အခြေခံပညာရေးဌာနက ပြောကြားခဲ့သည်

**Link:** https://issuu.com/myanmarnewspaper/docs/14_july_16_gnlm_8e52b5652d9f27

## ထိုင်း - မြန်မာ ဒုတိယမြောက်ချစ်ကြည်ရေးတံတားသစ် ဩဂုတ်လတွင် အပြီးသတ်မည်

The Global New Light of Myanmar, 16 July 2016

ထိုင်းနှင့်မြန်မာနိုင်ငံအတွင်းရှိ ဒုတိယမြောက်ချစ်ကြည်ရေးတံတားဆောက်လုပ်ခြင်းသည် ဩဂုတ်လတွင်အပြီးသတ်မည်ဖြစ်သည်။ မြဝတီနှင့်မဲဆောက်အား ဆက်သွယ်ပေးထားသည့်တံတားဖြစ်ကြောင်း ထိုင်းနိုင်ငံအဝေးပြေးလမ်းမကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူက ပြောကြားခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ဦးခေါင်းဆောင်သည့် မြန်မာအဖွဲ့သည် ဇူလိုင်လ(၁)ရက်နေ့၌ တာ့ခ်ခရိုင်၊ ထိုင်းနိုင်ငံအဝေးပြေးလမ်းမကြီးဌာနမှ တာဝန်ရှိသူ(၂၂)ဦးနှင့် တွေ့ဆုံခဲ့သည်။ ဒုတိယမြောက်ချစ်ကြည်ရေးတံတားသို့ သွားမည့်လမ်းများအား ၂၀၁၇ခုနှစ်တွင် အပြီးသတ်ရန် မျှော်မှန်းထား

သည်။ တံတားပြီးစီးပါက ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံအတွင်းရှိ ကုန်သွယ်မှုသည် နှစ်ဆဖြစ်လာမည်ဖြစ်သည်။

ချစ်ကြည်ရေးတံတားများကို အဓိကအားဖြင့် ထိုင်းနိုင်ငံဘက်မှ အင်ဂျင်နီယာများက ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ လေးကြိမ်မြောက်အစည်းအဝေးကို ထိုင်းနိုင်ငံ၌ ဇူလိုင်လနောက်ဆုံးရက်သတ္တပတ်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

**Link:** https://issuu.com/myanmarnewspaper/docs/14_july_16_gnlm_8e52b5652d9f27

## သဘာဝဘေးဖြစ်ပေါ်ပြီးနောက်ပိုင်း ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ်မှ ယူအက်စ်ဒေါ်လာသန်း(၂၀၀)ကူညီမည်

Bernama.com, 18 July 2016

၂၀၁၅ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရယ်များဖြစ်ပွားပြီးနောက်ပိုင်းတွင် ရေကြီးခြင်းနှင့် မြေပြိုခြင်းအတွက် အရေးပေါ်ပြန်လည်ထူထောင်ရေးစီမံကိန်းအောက်၌ ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံအား ယူအက်စ်ဒေါ်လာသန်း(၂၀၀) ကူညီမည်ဖြစ်သည်ဟု တရားဝင်သတင်းမီဒီယာဖြစ်သည့် တရုတ်ရှင်ဟွာသတင်းဌာနမှ တနင်္လာနေ့တွင် အစီရင်ခံဖော်ပြခဲ့သည်။

စီမံကိန်းအား တိုင်းနှင့်ပြည်နယ်များဖြစ်သည့် ဧရာဝတီ ၊ စစ်ကိုင်း ၊ မကွေး ၊ ပဲခူး ၊ ရန်ကုန် ၊ ချင်း နှင့်ရခိုင်စသည်တို့၌ သဘာဝဘေးအန္တရယ် ထိခိုက်မှုအရှိဆုံးနေရာဒေသများနှင့် ကျေးရွာများအပေါ် အဓိကပစ်မှတ်ထားမည်ဖြစ်ပြီး ကျေးလက်လမ်းများ ပြန်လည်ပြင်ဆင်ရန် နှင့် လမ်းမကြီးများတွင် သဘာဝဘေးအန္တရယ် ပြန်လည်ထူထောင်ရေးအစပျိုးရာ၌ ကူညီရန်အတွက် ငွေကြေးပံ့ပိုးကူညီပေးမည်ဖြစ်သည်။

သယ်ယူပို့ဆောင်ရေးပိုင်းတွင် ဆိုးဆိုးရွားရွားထိခိုက်ခဲ့ပြီး လူထုနေရာများ၌ ပျက်စီးမှုစုစုပေါင်း၏ ၅၀ရာခိုင်နှုန်းသည် သယ်ယူပို့ဆောင်ရေးလမ်းပိုင်းတွင်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍပိုင်းတွင် ပျက်စီးဆုံးရှုံးမှုများသည် လူထုအပေါ်တွင် အဓိကသက်ရောက်မှုခဲ့သည်။

**Link:** http://www.bernama.com/bernama/v8/wn/newsworld.php?id=1263933

## မွန်ပြည်နယ်ရှိ ဗုဒ္ဓတက္ကသိုလ်သစ်တွင် ဗုဒ္ဓဘာသာဒီပလိုမာဘွဲ့ ပေးအပ်မည်

Burma News International, 22 July 2016

မွန်ပြည်နယ်တွင် တက္ကသိုလ်အသစ်ဖြစ်သည့် ရာမညရဋ္ဌဗုဒ္ဓဘာသာတက္ကသိုလ်တွင် Diploma in Buddhism ဘွဲ့ပေးအပ် ချီးမြှင့်မည်ဖြစ်သည်။



မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်တွင် ရာမညရဋ္ဌဗုဒ္ဓဘာသာတက္ကသိုလ်၏ Diploma in Buddhism တန်းကိုဇူလိုင်လ (၂၄)ရက်နေ့တွင်စတင်ဖွင့်လှစ်မည်ဖြစ်သည်။

သံဃာတော်များနှင့်သီလရှင်များကို ဦးစားပေးသွားမည်ဖြစ်ပြီး အပြင်လူများကိုလည်း လက်ခံမည်ဖြစ်သည်။ လျှောက်ထားသူများသည်သတ်မှတ်ထားသည့် ဝင်ခွင့်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်သော်လည်း မအောင်မြင်ပါက (၄)လ၊(၅)လခန့် အင်္ဂလိပ်စာသင်တန်းများဖြင့် သင်ကြားပေးသွားမည်ဖြစ်သည်။

သံဃာတော်များနှင့်သီလရှင်များကို ဦးစားပေးသွားမည်ဖြစ်ပြီး အပြင်လူများကိုလည်း လက်ခံမည်ဖြစ်သည်။

လျှောက်ထားသူများသည်သတ်မှတ်ထားသည့် ဝင်ခွင့်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်သော်လည်း မအောင်မြင်ပါက (၄)လ၊(၅)လခန့် အင်္ဂလိပ်စာသင်တန်းများဖြင့် သင်ကြားပေးသွားမည်ဖြစ်သည်။

"ကျောင်းသားတွေဒီမှာ(၂)နှစ်တက်လို့ အောင်မြင်သွားရင် ဦးဇင်းတို့ဒီပလိုမာဘွဲ့ပေးမှာပါ။ နောင်နှစ်နှစ်ဆိုရင် ဦးဇင်းတို့ဆီမှာ သင်ကြားပေးမယ့်ဆရာတော်တွေ အလုံအလောက်ရောက်လာမယ်ဆိုရင်တော့ BAအတန်းကိုဆက်ပြီးသင်ကြားပေးသွားမှာပါ။ တကယ်လို့ကျောင်းသားတွေက ထိုင်းနိုင်ငံမှာတက်ချင်တယ်ဆိုရင်လည်း ထိုင်းနိုင်ငံက တက္ကသိုလ်သုံးခုနဲ့ ဆက်သွယ်ထားပြီးပါပြီ။ ဟိုဘက်ကလည်း ဦးဇင်းတို့ဆီက ကျောင်းသားအသစ်တွေကို ကြိုဆိုပါတယ် "ဟု ရာမညရဠဗုဒ္ဓတက္ကသိုလ်မှ အရှင်ခေမာသာရ ကမိန့်ကြားခဲ့သည်။

**Link:** http://www.bnionline.net/news/mon-state/item/2021-mon-state-s-new-university-offers-diploma-in-buddhism.html

## ယူအက်စ်မှမြန်မာနိုင်ငံအားဒေါ်လာ(၂၁)သန်းကူညီမည်

The Nation, 25 July 2015

အမေရိကန်ပြည်ထောင်စုသည်မြန်မာနိုင်ငံအားစီးပွားရေးဖွံ့ဖြိုးတက်မှုများတိုးမြှင့်ပေးရန်နှင့်တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများဆောက်တည်နိုင်ရန်အတွက်နောက်ထပ် ယူအက်စ်ဒေါ်လာ(၂၁)သန်းပံ့ပိုးကူညီပေးမည်ဖြစ်သည်။



ကနဦးပိုင်းကူညီမှုတွင် အစိုးရ၏ရည်မှန်းချက်ဖြစ်သည့် ငါးနှစ်တာကာလအတွင်း ပို့ကုန်များ သုံးဆတိုးလာစေရန်၊ အစိုးရနှင့် တရားဥပဒေပိုင်းဆိုင်ရာလုပ်ဆောင်မှု စွမ်းရည်ခိုင်မာလာစေရန်နှင့် တာဝန်ယူမှုပိုင်းများနှင့် ပွင့်လင်းမြင်သာမှုများ ရှိလာစေရန်အတွက် ပံ့ပိုးကူညီပေးမည်ဖြစ်သည်၊ နောင်ဆယ်နှစ်ကျော်တွင် အလုပ်သမားများအား အလုပ်အကိုင် အများအပြားပေးနိုင်မည့် စိုက်ပျိုးရေးကဏ္ဍများ ခေတ်မီတိုးတက်လာစေရန် ကူညီပေးမည်ဖြစ်သည်ဟု ယူအက်စ်နိုင်ငံတော်လုံခြုံရေးဒုတိယအကြံပေးဖြစ်သူ Ben Rhodes ကပြောကြားခဲ့သည်။

Rhodes သည်မြန်မာနိုင်ငံသို့(၅) ကြိမ်မြောက်အလည်အပတ်ခရီးဖြစ်ပြီး ပြီးခဲ့သည့်ရက်သတ္တပတ်လာရောက်လည်ပတ်ခဲ့သည်။

မြန်မာနိုင်ငံ၌ ဒီမိုကရေစီခိုင်မာရေး ၊ အမျိုးသားရင်ကြားစေ့ရေးနှင့်လူထုအချင်းချင်းပါဝင်ဆောင်ရွက်မှုစသည်တို့တိုးတက်လာစေရန်အတွက်ယူအက်စ်မှကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း Rhodes ကပြောကြားခဲ့သည်။ တရားဥပဒေစိုးမိုးမှုရှိစေရန်နှင့်စိုက်ပျိုးရေးကဏ္ဍများအောင်မြင်မှုရှိစေရန်အတွက် သမ္မတဦးထင်ကျော်အစိုးရအဖွဲ့အားကူညီပံ့ပိုးပေးမည်ဖြစ်သည်။

**Link:** http://www.nationmultimedia.com/business/US-approves-$21m-assistance-to-Myanmar-30291292.html

# အခြား

## ကရင်ပြည်နယ်၊ လေးကေ့ကော်မြို့သစ်ရှိ စစ်ဘေးရှောင်ကလေးငယ်များအတွက် အစိုးရကျောင်းဆရာ၊ဆရာများ လိုအပ်နေ

Myanmar Times, 13 July 2016



ကရင်ပြည်နယ်၊ မြဝတီခရိုင်အတွင်းရှိ စစ်ဘေးရှောင်ကလေးများအတွက် ပြန်လည်ထူထောင်ထားသည့် လေးကေ့ကော်မြို့သစ်ရှိ စာသင်ကျောင်းတွင် ပညာသင်ကြားနေသည့်ကလေးငယ်များအတွက် အစိုးရခန့်ကျောင်းဆရာ၊ ဆရာမများ လိုအပ်နေသည်။ အသစ်ပြန်လည်ထူထောင်ထားသည့် လေးကေ့ကော်မြို့တွင်အစိုးရခန့်အပ်သည့် ကျောင်းဆရာ၊ဆရာမ(၇)ဦးသာရှိပြီး ကျောင်းသားအားလုံးအတန်းပြည့်တက်ပါက တစ်ဦးလျှင် ကျောင်းသားအယောက်(၁၀၀) တာဝန်ယူရမည်ဖြစ်သည်။

“ကျောင်းဆရာအရေအတွက်နဲ့ကျောင်းသားအရေအတွက်က မညီမျှဘူး၊အဲဒီတော့ အပြင်ကငှားပြီးခန့်နေရတယ်။ အစိုးရခန့်တဲ့ဆရာတွေကိုရနိုင်မယ်ဆိုတော့ ကျွန်မတို့ငွေကုန်ကြေးကျသက်သာသွားနိုင်တာပေါ့ ”ဟု ဖူလိုင်လပထမအပတ်၌ လေးကေ့ကော်ရှိ ဆရာမဖြစ်သူဒေါ်ဘီဘီအဲက ပြောလိုက်သည်။

“ဒါ့အပြင် အစိုးရခန့်ဆရာတွေနဲ့ အပြင်ကငှားတဲ့ဆရာတွေကြားမှ သင်ကြားရေးနည်းလမ်းကလဲ အနည်းငယ်ကွဲပြားမှုရှိပါတယ်။ အပြင်ကဆရာတွေနဲ့သင်ကြားတဲ့ကျောင်းသားတွေကအစိုးရစစ်စာမေးပွဲမှာပဲဖြစ်ဖြစ်၊ စာသင်ခန်းထဲမှာအစိုးရခန့်ဆရာ၊ဆရာမတွေနဲ့ အစိုးရသင်ကြားမှုပိုင်းနည်းစနစ်တွေ အကူးအပြောင်းမှာပဲဖြစ်ဖြစ် သူတို့ကောင်းကောင်းမလိုက်နိုင်တော့ဘူး။”

ကော့ကရိတ်မြို့နယ်ရှိ လေးကေ့ကော်မြို့သစ်တွင် မူလတန်းမှ အထက်တန်းအထိ ကျောင်းသားဦးရေ(၇၀၀)ရာနီးပါးရှိသည်။ ဆရာနှင့်ကျောင်းသားဦးရေ မညီမျှသဖြင့် ပြင်ပဆရာများ အငှားခေါ်ယူသည့်ကုန်ကျစရိတ်ကို လေးကေ့ကော်မြို့ဒေသခံများနှင့် ကေအင်န်ယူတပ်ဖွဲ့များက စုပေါင်းကျခံနေရသည်ဟုလေးကေ့ကော်မြို့ အုပ်ချုပ်ရေးမှူး ဦးဌေးအောင်မြင့်က ပြောသည်။

မြို့သစ်တွင် မူလတန်းအဆင့်၌ ကျောင်းသား(၄၄၀)ဦး ၊ အလယ်တန်းပညာရေးအဆင့်တွင်(၁၃၈)ဦး နှင့်အထက်တန်းအဆင့်တွင်(၉၈)ဦးရှိသည်။ ထိုကျောင်းသားများအတွက် အပြင်က အငှားခေါ်ယူထားသည့် ဆရာအရေအတွက်မှာ (၂၅)ဦးရှိကာ ၎င်းတို့အတွက် တစ်လစာကုန်ကျမှုမှာ ကျပ်သိန်း(၃၀)နီးပါးရှိသည်ဟု ဦးဌေးအောင်မြင့်က ပြောသည်။

ပြန်လည်ထူထောင်ရေးလုပ်ကိုင်နေသည် လေးကေ့ကော်မြို့သစ်တွင် ဆရာ၊ဆရာမနှင့် စာသင်ကျောင်းများ လုံလောက်မှုမရှိကြောင်းကို ပညာရေးဝန်ကြီးဌာနသို့ တင်ပြထားသည်ဟု ကရင်ပြည်နယ် လက်ထောက်ပညာရေးမှူး ဦးငွေစိုးက ပြောသည်။

**Link:** http://www.mmtimes.com/index.php/national-news/21346-kayin-model-idp-town-short-on-government-teachers.html

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren

UNHCR The UN Refugee Agency